# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၁၉ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၆ - ၉ - ၂၀၁၁ ]

# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အတွင်းရှိ ဒေသခံလယ်သမားများအား ရေနက်ကွင်းဒေသများကို စိုက်ပျိုးမြေအဖြစ် ခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ပြည်သူပိုင်သိမ်းယူခဲ့သော ရာဘာခြံများအား မူလပိုင်ရှင်သို့ ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပြန်လည်ပေးအပ်ခြင်း မပြုပါက မူလပိုင်ရှင်များအား နစ်နာကြေး (လျော်ကြေး) ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်အတွင်း စိုက်ပျိုးရေရရှိရန် လက်ရှိပျက်စီး ယိုယွင်းလျက်ရှိသော ဆည်များအား ပြန်လည်ပြုပြင်ရန်နှင့် ဆည်အသစ်များ ထပ်မံတိုးချဲ့ တည်ဆောက်ပေးရန် အစီအမံများ ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)၏**ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ နမ္မတူမြို့နယ်အတွင်းရှိ အချို့ ဒေသခံ တောင်သူလယ်သမားများ၏ လယ်ယာမြေများ လက်လွတ်ဆုံးရှုံးခဲ့ရမှုများ ဖြစ်ပေါ်နေခြင်းကို မည်သို့သော အစီအစဉ်များဖြင့် ဖြေရှင်းပေးသွားမည်ကို သိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် စိုက်ပျိုးရေး အထက်တန်းကျောင်းနှင့် သစ်တောကျောင်း များကို ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **မတော်တဆ ထိခိုက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေးအရာရှိ (Safety Officer) ခန့်ထားနိုင်ရန်** အဆို ခေါင်းစဉ်အား **နိုင်ငံတော်အတွင်း နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းဟူသမျှတွင် မတော်တဆ ထိခိုက်မှုအန္တရာယ် ဖြစ်ပွားမှုမရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း အမိန့် ညွှန်ကြားချက်များဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအဖြစ် ပြောင်းလဲတင်သွင်းခွင့်ပြုပါရန်နှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးတင်ရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ မြို့များတွင် လျှပ်စစ်ဓါတ်အားကို ဈေးနှုန်းချိုသာစွာ သုံးစွဲ နိုင်မည့် သဘာဝဓါတ်ငွေ့သုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံများဖြင့် နိုင်ငံတော်မှ ထုတ်လုပ်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ရန်ကုန်တိုင်းဒေသကြီးအတွင်း ယူနစ်လျော့နည်းနေမှု (UNIT LOSSES) အခြေအနေ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **မိတ္ထီလာမြို့နယ်၊ ထနောင်းကန်စံပြကျေးရွာတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် အရေးတကြီးလိုအပ်နေသော လျှပ်စစ်မီး ရရှိရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ကျိုင်းတုံမြို့အပါအဝင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များအတွက် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရန် အကြီးစားဓါတ်အားပေးစက်ရုံ တည်ဆောက်ရန် အစီအမံ ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ပလက်ဝမြို့တွင် လျှပ်စစ်မီးလုံလောက်ရေးအတွက် ပီချောင်း(ခဝဲ)တွင် ရေအားလျှပ်စစ်ဓါတ်အားစက်ရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ၊ ရတနာပုံကျေးရွာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျေးရွာအဆင့်နှင့်လျော်ညီသော ကျန်းမာရေးစောင့်ရှောက်မှု ဌာနတစ်ခု ဖွင့်ပေးပါရန်နှင့် သားဖွားဆရာမတစ်ဦး အမြဲန်ဆုံး တာဝန်ထမ်းဆောင်ရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ချင်းပြည်နယ်တွင် ဒေသခံဆရာဝန်များ၊ သူနာပြုများနှင့် သားဖွားဆရာမများအား လစ်လပ်နေရာများ၌ အမြဲန်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)၏ **တစ်နှစ်အောက် မွေးကင်းစကလေးငယ်များ သေပျောက်မှုနှုန်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်စဉ်နှင့်မွေးဖွားချိန်ကာလ သေပျောက်မှုနှုန်း၊ ငါးနှစ်အောက်ကလေးငယ်များ၏ အာဟာရချို့တဲ့မှု သို့မဟုတ် ရောဂါများကြောင့် သေပျောက်မှုနှုန်း စသည်တို့၏ ယေဘူယျအနေအထားဖြစ်စဉ် အတိုးအလျော့ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဈ ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ဝေးလံခေါင်းပါးသော ကျေးလက်ဒေသနေ ပြည်သူပြည်သားများ၏ ကျန်းမာရေး အတွက် မည်သို့သော အစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေကြောင်းကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ကျောင်းကျန်းမာရေးဆရာဝန် ခန့်ထားရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၀ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။